# Highlights from DVB Debate's Reforming Red Tape Show

## February 11, 2017

## "How to reform Red Tape?"

"အစိုးရဝန်ထမ်းတွေအနေနဲ့လည်း လူမှန်နေရာမှန်နဲ့ ထိုက်တန်ဆိုတာ သက်သေပြဖို့လိုတယ်။ ဝန်ကြီးဌာနတွေမှာ လုပ်ငန်းကျွမ်းကျင်သူတွေဟာ အမြဲတမ်းအတွင်းဝန်တွေဖြစ်နေတယ်. သူတို့တွေကသာ ကြိုးနီစနစ်ကို ဖြိုချဖို့ တာဝန်ရှိသူတွေဖြစ်တယ်"

ဒေါက်တာ ညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အမတ်ဟောင်း

---

"ဝန်ကြီးချုပ်တွေချပေးတဲ့ ပေါ်လစီတွေ အမိန့်တွေကို ထွေအုပ်က မောင်းနှင်ရတာဖြစ်တယ်"

ဦးထွန်းထွန်း - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာရှိဟောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်

---

"ပြည်သူ့ဝန်ဆောင်မှုရေးရာလုပ်သူတွေမှာက သူတို့မှာလည်း သူတို့လိုက်နာရမယ့် ချမှတ်ထားတဲ့ ဂိုက်လိုင်းတွေရှိတယ်။ ကြိုးနီစနစ်ပြင်ဖို့ဆိုရင် မူဝါဒပိုင်းထိ သွားကြည့်ဖို့ လိုမယ်"

ဦးကျော်စွာဆွေ - တကောင်းအင်စတီကျု့၊ မူဝါဒရေးရာအကြံပေး

---

"မိခင်ဥပဒေတွေက ပေးထားတဲ့ လုပ်ပိုင်ခွင့်တွေထက် ဗျူရိုကရက်တွေရဲ့ လုပ်ထုံးလုပ်နည်းတွေက ပိုများနေတယ်။ မိခင်ဥပဒေတွေ ပျက်သွားတာတွေရှိပေမယ့် by-laws တွေဖျက်ဖို့လိုနေသေးတယ် သုံးနေကြသေးတယ်"

ဒေါက်တာညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အမတ်ဟောင်း

---

"ကျနော်တို့ဘက်ကလည်း အဖက်ဖက်က သီလမလုံသေးဘဲနဲ့ ကြိုးနီစနစ်လျှော့ချဖို့ ပြောနေတာလည်း မဟုတ်သေးဘူး တချို့ ကြိုးနီစနစ်တွေက ရှိကို ရှိသင့်တယ်"

ဦးဘာဘာချို - ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်

---

"အခုဖြစ်နေတာက ဗျူရိုကရက်ယန္တရားကို ကိုင်တွယ်ဖို့ကို နိုင်ငံရေးအရ ပြတ်သားမှု မရှိသေးတာလို့ ပြောရမယ်။ ဒီမိုကရက်တစ်စနစ်သွားမယ်ဆိုရင် ဒီမိုကရေတစ်စနစ်ကို သွားဖို့ လိုပါတယ်"

ဦးကျော်စွာဆွေ - တကောင်းအင်စတီကျု့ မူဝါဒရေးရာအကြံပေး

"ကျမအမြင်ကတော့ နိုင်ငံရေးအရ ပြတ်သားတဲ့ ဦးဆောင်မှုကို ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၅ ရွေးကောက်ပွဲကတည်းက ပေးပြီးသားပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်နဲ့ တိုင်း ဝန်ကြီးချုပ်တွေက ဒါကို ကိုင်တွယ်ဖို့ တာဝန် အပြည့်ရှိတယ်"

ဒေါက်တာ ညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အမတ်ဟောင်း

---

"ကျနော့်အမြင်က အစိုးရဝန်ထမ်းတွေကို လုပ်ငန်းခွင်မှာ ရှိသင့်တဲ့ အချိန်တွေ ကန့်သတ်ထားဖို့လည်း လိုတယ်လို့ မြင်ပါတယ်။ အလျင်လိုရင်တော့ ကျနော်တို့ကလည်း လာဘ်ပေးမှာပဲ ဒါပေမယ့် ပေးလိုက်တဲ့ ငွေလေး ၁ သောင်းလောက်နဲ့တော့ အဲဒီ ဝန်ထမ်းကိုအရေးယူရမယ်ဆိုရင်လည်း သူ့မိသားစုဘဝကလည်း ရှိသေးတယ်"

ဆလိုင်းဒိုခါရ် - ကုံ့ကော်ပညာရေးစင်တာ

---

"ကျမတို့ဆီမှာ ဗျူရိုကရက်သက်တမ်း နှစ်ပေါင်း ၆၀ ကျော်ပြီ။ ကြိုးနီစနစ်ပျောက်ဖို့ကို အခုချိန်ထိကို ပညာပေးတွေလုပ်နေမယ် ဖျောင်းဖျနေမယ်ဆိုရင် မလုံလောက်ပါဘူး။ ပြတ်ပြတ်သားသား အပြစ်ပေးဖို့ လိုပါတယ်"

ဒေါက်တာ ညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အမတ်ဟောင်း

---